# နောက်ဆက်တွဲ (၁)

## ဥပမာ– လုံခြုံရေးနှင့်ပတ်သက်၍ SWOT သုံးသပ်ချက်လုပ်ဆောင်ခြင်း

SWOT သုံးသပ်ချက်ဆိုတာဟာ အားကောင်းချက် (Strength)၊ အားနည်းချက် (Weakness)၊ အခွင့်အလမ်း (Opportunity)နှင့် ခြိမ်းခြောက်ချက် (Threat) ဆိုတဲ့အကြောင်းတွေကို သုံးသပ်တာကို ဆိုလိုတာပါ။ စကားလုံးတွေရဲ့ အစစာလုံးကို ပေါင်းပြီး (SWOT) လို့ ခေါ်တာဖြစ်ပါတယ်။ အားကောင်းချက်နဲ့ အားနည်းချက်တွေက ကိုယ့်ရဲ့အဖွဲ့အစည်းရဲ့အတွင်းပိုင်းကို သုံးသပ်တာဖြစ်ပြီး အခွင့်အလမ်းနဲ့ ခြိမ်းခြောက်ချက်ဆိုတာကတော့ ကိုယ့်ဒေသ သို့မဟုတ် နိုင်ငံတွင်းက အခြေအနေကို ဆိုလိုတာဖြစ်ပါတယ်။

SWOT သုံးသပ်မှုကို အခြေအနေတိုင်းမှာ လုပ်ဆောင်နိုင်ပါတယ်။ အခုဥပမာကတော့ လုံခြုံရေးနဲ့ပတ်သက်ပြီး သုံးသပ်ပြထားတာဖြစ်ပါတယ်။

**SWOT သုံးသပ်မှုလုပ်ဖို့အတွက်**

အဆင့် (၁)မိမိမိတ်ဆွေလုပ်ဖော်ကိုင်ဖက်တွေနဲ့ အုပ်စုခွဲပါ။ စာရွက်ကြီးကို အောက်မှာပြထားသလို လေးပိုင်းပိုင်းပါ။ တပိုင်းစီမှာ ဘာတွေရေးမလဲဆိုတာ စဉ်းစားနိုင်းပါ။ လူတိုင်းအမြင်ကို ဖော်ထုတ်ရေးသားပါ။

အဆင့် (၂) ဆွေးနွေးတဲ့အချက်တွေထဲက အရေးအကြီးဆုံး ၃ ခု ၄ခုကို ဦးစားပေးနိုင်းပါ။ ဒီတခုချင်းစီနဲ့ပတ်သက်ပြီး ဘာတွေလုပ်နိုင်မလဲဆိုတဲ့ အစီအစဉ်ကို ရေးဆွဲနိုင်းပါ။

| | |
|---|---|
| အားကောင်းချက် (လုံခြုံရေးနှင့်ပတ်သက်၍)<br>- စိတ်ဓာတ်ခိုင်မာသော ဝန်ထမ်းများ<br>- အန္တရာယ်များကို ရင်ဆိုင်တတ်သည့်အတွေ့အကြုံရှိသော ခေါင်းဆောင်များရှိခြင်း<br>- အစိုးရတွင်းရှိ ထင်ရှားသူများနှင့် အဆက်အသွယ်ရှိခြင်း<br>- မိမိတို့အလုပ်ကိုထောက်ခံသော လွတ်လပ်သည့် မီဒီယာများရှိခြင်း<br>- ဒေသနှင့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုကောင်းခြင်း | အားနည်းချက် (လုံခြုံရေးနှင့်ပတ်သက်၍)<br>- လုံခြုံရေးနှင့်ပတ်သက်သည့် ဗဟုသုတများကို အားလုံးသိရှိအောင် မမျှဝေခြင်း<br>- ရုံးနှင့် လှုပ်ရှားမှုတို့အတွက် လုံခြုံရေးအစီအစဉ်များမရှိခြင်း<br>- စစ်တပ်နှင့်ဆိုင်သည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆက်သွယ်မှုမကောင်းခြင်း<br>- အစိုးရထိမ်းချုပ်ထားသော မီဒီယာများက မိမိတို့သတင်းများကို မဖော်ပြခြင်း |
| အခွင့်အလမ်းများ (လုံခြုံရေးနှင့်ပတ်သက်၍)<br>- လူ့အခွင့်အရေး၊ စည်းရုံးလှုံ့ဆော်မှု၊ တရားရေးနှင့် စိတ်ပိုင်းဆိုင်ရာ အကူအညီများပေးနေသော အခြားအဖွဲ့များရှိခြင်း၊<br>- သံရုံးများကို ဥရောပသမဂ္ဂ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူများဆိုင်ရာ လမ်းညွှန်ချက်ကို သုံး၍ ကူညီရန် ဆက်သွယ်နိုင်ခြင်း၊ | - စစ်တပ်နှင့် လက်နက်ကိုင်အဖွဲ့များက လူ့အခွင့်အရေးလုပ်ဆောင်နေသည့်အဖွဲ့များအပေါ်ခြိမ်းခြောက်မှုများ ထုတ်ပြန်ထားခြင်း၊<br>- လူ့အခွင့်အရေးအဖွဲ့များရဲ့ လှုပ်ရှားမှုနှင့် ရံပုံငွေရယူမှုအပေါ် ထိမ်းချုပ်သည့်ဥပဒေပြဌာန်းလာနိုင်ခြင်း၊ |

ဦးစားပေးရွေးချယ်မှုနှင့် လုပ်ဆောင်ချက် (အဖွဲ့အနေဖြင့် ကိုင်တွယ်လုပ်ဆောင်ရန်ဆုံးဖြတ်သည့် အဓိက ခြိမ်းခြောက်မှုများ

**ဦးစားပေးများ**

၁။ ပရိုဂရမ်မန်နေဂျာက လုံခြုံရေးဆိုင်ရာ အစီအစဉ်ကို မူကြမ်းရေးဆွဲပြီးတိုင်ပင်ရန် ( အချိန် သုံးလအတွင်း)

၂။ ဒါရိုက်တာနှင့် အကြီးတန်းစီမံခန့်ခွဲသူများက ကာကွယ်ရးဝန်ကြီးဌာနတွင်လက်ရှိလုပ်နေသော မိတ်ဆွေဟောင်းများနှင့် တွေ့ဆုံပြီး ဆက်ဆံရေးကောင်းအောင် လုပ်ဆောင်ရန် (လာမည့်အပတ်အတွင်း)

၃။ ဒါရိုက်တာနှင့် အကြီးတန်းစီမံခန့်ခွဲသူများက အတိုက်အခံအဖွဲ့များအပေါ် ဩဇာအာဏာရှိသည့် ဘာသာရေးခေါင်းဆောင်များကိုတွေ့ရန် (မန်နေဂျာသည် ဘာသာရေးခေါင်းဆောင်နှင့် ဆွေမျိုးမကင်းသူဖြစ်သည်) (သုံးပတ်အတွင်း)

၄။ ထိုလုပ်ဆောင်ရမည့်အရာများကို လုပ်ဆောင်ဖြစ်အောင် လေ့လာကြီးကြပ်ရမည့်သူများသည် ဒါရိုက်တာနှင့် ပရိုဂရမ်မန်နေဂျာဖြစ်သည်။

# နောက်ဆက်တွဲ(၂)

| (၁)တိုင်းပြည်ရဲ့ အဓိက အကြောင်းအရာများ | (၂) ထိုအကြောင်းအရာများတွင် အဓိက ပါဝင်နေသူများ | (၃) မိမိရဲ့လုပ်ဆောင်ချက် များကို ထိုသူများအပေါ် ကောင်းကျိုးဆိုးကျိုးဘယ်လို သက်ရောက်စေနိုင်မလဲ | (၄) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေ ဘယ်အချိန်မှာ နုတ်၊ ရုပ်ပိုင်း တိုက်ခိုက်ခံရမှု အများဆုံး ဖြစ်နိုင်သလဲ၊ |
|---|---|---|---|
| - နိုင်ငံရေးချုပ်ကိုင်မှု (တူနီးရှားနှင့် အီဂျစ်တွင်ဖြစ်ခဲ့ သော တော်လှန်ရေးများနှင့် လာမည့် ရွေးကောက်ပွဲမတိုင်မီ အကြား ပိုမိုရှုတ်ထွေး လာသည်)<br>- အုပ်ချုပ်နေသည့်ပါတီနှင့် အတိုက်အခံအကြား အမြင်မတူမှုပိုများလာသည်။<br>- မြေယာအသုံးချမှုနှင့် ခွဲဝေမှု<br>- သယံဇာတအပါအဝင်ရင်း မြစ်များ ထိမ်းချုပ်မှု<br>- ဆင်းရဲမွဲတေမှု<br>- နိုင်ငံခြားရင်းနှီးမြုပ်နှံသူများ က မျက်စိကျလာခြင်း<br>- အတိုက်အခံများနှင့် လူ့အခွင့် အရေးကာကွယ်စောင့်ရှောက် သူများကို အကြမ်းဖက်မှု များ | သမ္မတနှင့် လက်ရှိအာဏာရပါတီ | ဆိုးကျိုး - လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို အတိုက်အခံများအဖြစ်မြင်ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ တိုင်းပြည်နံမည်ဖျက်နေသည်ဟု ယူဆကြသည် | - ရွေးကောက်ပွဲမတိုင် မီ၊ အတွင်း၊ အပြီးကာလတွင် ထိ လွယ် ရှလွယ်သောအ ကြောင်း အရာများကို စုံစမ်းဖော်ထုတ်ရာတွင်<br>- ထိလွယ်ရှလွယ်သော အကြောင်းအရာများနှင့်ပတ် သက်၍ အစိုးရထံ သတင်း အချက်အလက်များ တောင်း ခံရာတွင်<br>- စိမ်ခေါ်မှုရှိသော ထုတ်ပြန် ကြေညာချက်၊ အစီရင်ခံစာများထုတ်ပြန်ပြီးသည့်အခါ<br>- မိမိလုပ်ဆောင်ချက်များက ဒေသနှင့် နိုင်ငံအပေါ် သက် ရောက်မှုရှိလာသည့်အခါ<br>- နိုင်ငံတကာအဖွဲ့များကို အရေးပါသည့်သတင်းပေး သည့်အခါ<br>- အဓိက နှစ်ပတ်လည်နေ့များ ကျရောက်သည့်အခါ<br>- ဆန္ဒပြပွဲများ ပြုလုပ်သည့်အခါ |